## ၄၉။ ပျောက်ရင်ပြီးရောပေါ့

အဒေါ်ကြီးတစ်ယောက် ဆရာဝန်နှင့်တွေ့ရန် ဆေးရုံအပြင်လူနာဌာနသို့ ရောက်လာသည်။ မိမိအလှည့်ရောက်သည်နှင့် ဆရာဝန့်အခန်းထဲဝင်သည်၊ လူငယ်ဆရာဝန်ဖြစ်သည်ကိုတွေ့ရသည်။ ဆေးတက္ကသိုလ်မှ မှုန့်နွေးနွေးဘွဲ့ရလူဟုထင်ရသည်။



ဆယ်မိနစ်လောက်ပဲကြာမည်။ အဒေါ်ကြီး ပါးစပ်က အကျယ်ကြီးအော်ပြီး ကြောက်လန့်တကြားအခန်းထဲမှ ပြေးထွက်လာသည်။

"မဖြစ်နိုင်ဘူး မဖြစ်ဘူး ဘုရား ဘုရား" ဟု ရေရွတ်ကာ ဆေးရုံ ကော်ရစ်တာအတိုင်းပြေးသည်။

တစ်ဖက်မှလျှောက်လာသောဆရာဝန်ကြီးက သူမကိုတားလိုက်ပြီး မေးသည်။ မိန်းမကြီးက ဖြစ်ကြောင်းကုန်စင်ကိုပြောပြသည်။

အလွန်ဒေါသထွက်နေသောအမူအရာဖြင့် လူငယ်ဆရာဝန်၏အခန်းထဲ ဝှင်းဝင်သည်။ ထို့နောက် မာကြောသောလေသံဖြင့် လူငယ်ဆရာဝန်ကိုပြောသည်။

"ဟေ့! မောင်ရင်, ဘယ်လိုလုပ်လိုက်တာလဲ။ စောစောကအဒေါ်ကြီးဟာ အသက် ၅၅ နှစ်ရှိပြီ။ သူ့သမီးမှာ အရွယ်ရောက်ပြီးသမီး ရှိတယ်။ မကြာခင် အဘွားဖြစ်တော့မယ့်အဒေါ်ကြီး။ အဲဒီမိန်းမကြီးကို 'ဒေါ်ဒေါ်မှာ ကိုယ်ဝန်ရှိနေပြီ' လို့ မင်းမို့ပြောထွက်တယ်၊ အံ့ရော"

လူငယ်ဆရာဝန် တစ်ခုခုကိုရေးကာ ခေါင်းမော့ပြီး ဆရာဝန်ကြီးကို အေးအေးလေးပြန်ပြောသည်။

"ဒါပေမဲ့ သူ ကြို့ထိုးတာ ပျောက်သွားတယ်မဟုတ်လား"

☺

## ၅၀။ အနှောင့်အယှက်

စိတ်ကျန်းမာရေးဆရာဝန်ထံ လူတစ်ယောက် ရောက်လာပြီးပြောသည်၊

"ဒေါက်တာ. . . ညတိုင်း အဝတ်အစားမကပ်တဲ့ မိန်းမချောတစ်ယောက် အခန်းထဲ ဝင်လိုက်ထွက်လိုက်လုပ်နေတာကိုချည်း အိပ်မက်မက်နေတယ်ခင်ဗျာ"